# မကြာခဏမေးလေ့မေးထရှိသော မဲဆန္ဒရှင်စာရင်းဆိုင်ရာ မေးခွန်းနှင့် အဖြေများ

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ

### ၁ မဲဆန္ဒရှင်စာရင်းမှာ မိမိအမည်ပါ၊မပါ ဘာကြောင့်စစ်ဆေးဖို့လိုပါသလဲ။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မဲပေးနိုင်ဖို့ဆိုရင် မိမိအမည်က မဲဆန္ဒရှင်စာရင်းမှာ မှာပါဝင်ရပါမယ်။ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာချိန်မှာ မိမိအမည်ပါ/မပါနှင့် မဲစာရင်း အချက်အလက်များ မှန်မှန်ကန်ကန် ဖော်ပြထားခြင်းရှိ/မရှိကို သေချာစွာ စစ်ဆေးရပါမယ်။

### ၂ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ဦးရေ မည်မျှရှိပါသလဲ။

မဲဆန္ဒရှင်စာရင်း ပြင်ဆင်ဖြည့်စွက်ပြီး ဒုတိယအကြိမ် ကပ်ထားကြေညာချိန်တွင် မဲဆန္ဒရှင်ဦးရေ မည်မျှရှိသည်ကို သိရှိနိုင်ပါမည်။ ၂၀၁၅ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ဦးရေ (၃၄.၃) သန်းခန့်ရှိပါသည်။

### ၃ မည်သူ့ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဟုသတ်မှတ်ပါသလဲ။

ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ သက်ဆိုင်ရာ မဲဆန္ဒနယ် ရှိမဲဆန္ဒရှင်စာရင်းတွင် အမည်စာရင်း ပါဝင်ဖော်ပြထားသူများ။

### ၄ မည်သူ့ကို ဆန္ဒမဲပေးပိုင်ခွင့်မရှိသူဟု သတ်မှတ်ပါသလဲ။

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများဖြစ်ပါသည်။

- သာသနာ့ဝန်ထမ်း
- ထောင်ဒဏ်ကျခံနေရသူ
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ်ခံယူထားသူ

### ၅ မဲဆန္ဒရှင်တစ်ဦးက မဲစာရင်းကို မည်ကဲ့သို့ စစ်ဆေးရပါမလဲ။

မဲဆန္ဒရှင်စာရင်းကို နည်းလမ်း (၂)သွယ်ဖြင့် စစ်ဆေးနိုင်ပါတယ်။

- ကိုယ်တိုင်သွားရောက်စစ်ဆေးခြင်း – သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲရုံးများ၊ သို့မဟုတ် မဲဆန္ဒရှင်များမှ လွယ်လင့်တကူကြည့်ရှုနိုင်မည့် အများပြည်သူနေရာများ၊ မဲဆန္ဒရှင် စာရင်းမည်သည့်နေရာတွင် ကပ်ထားကြေညာသည်ကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ မေးမြန်းစုံစမ်းနိုင်ပါသည်။
- အွန်လိုင်းမှတဆင့်ကြည့်ရှုစစ်ဆေးခြင်း – ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အင်တာနက် စာမျက်နှာ https://findyourpollingstation.uec.gov.mm တွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

### ၆ မည်သည့်အချိန်တွင် မဲဆန္ဒရှင်စာရင်း ကြည့်ရှုစစ်ဆေးနိုင်ပါမလဲ။

မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာသည့်ကာလတွင် သွားရောက် ကြည့်ရှုစစ်ဆေးနိုင်ပါတယ်။ ကပ်ထားကြေညာမည့်ကာလ၊ နေ့ရက်အချိန်များကိုတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အများပြည်သူအသိပေးကြေညာချက်များ နှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများမှ တစ်ဆင့် အသိပေးကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များမှ မိမိ၏ အမည်စာရင်းများ ကောင်းစွာကြည့်ရှု စစ်ဆေးနိုင်ရန် မဲဆန္ဒရှင်စာရင်းကို နှစ်ကြိမ်တိတိကြေညာပါမည်။

### ၇ မဲဆန္ဒရှင်တစ်ဦးအနေဖြင့် မဲစာရင်းသွားရောက်ကြည့်ရှုတဲ့အခါ ကိုဗစ် –၁၉ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်နိုင်ရန် မည်သို့လိုက်နာဆောင်ရွက်သင့်ပါသလဲ။

- မဲဆန္ဒရှင်စာရင်းကပ်ထားသည့်နေရာသို့ မဲစာရင်းကြည့်ရှုစစ်ဆေးရာတွင် အခြားသူများနှင့် လုံလောက်သော အကွာအဝေးမှ တန်းစီစောင့်ဆိုင်းကြည့်ရှုရန်။
- မဲဆန္ဒရှင်စာရင်း ကပ်ထားသည့်နေရာသို့ သွားရောက်ကြည့်ရှုနေစဉ် ပါးစပ်နှာခေါင်းစည်း (Mask )ဝတ်ဆင်ရန်။
- မဲစာရင်းကြည့်ရှုစစ်ဆေးနေစဉ် အခြားသူများနှင့် နီးကပ်စွာထိတွေ့ခြင်းမှ ရှောင်ကြဉ်ရန်။
- မဲစာရင်းဘုတ်ပြား၊ စာရွက်များကို ကိုင်တွယ်ထိတွေ့မိပါက လက်ကို လက်သန့်စင်ဆေးရည် (သို့မဟုတ်) ရေနှင့်ဆပ်ပြာအသုံးပြု၍ ဆေးကြောရန်။
- မဲဆန္ဒရှင်စာရင်းကြည့်ရှုစစ်ဆေးနေစဉ် နှာချေခြင်း (သို့မဟုတ်) ချောင်းဆိုးမိပါက ပါးစပ်နှင့် နှာခေါင်းကို တံတောင်စစ်ဖြင့် ဖုံးအုပ်ထားရန်။
- ကိုယ်အပူချိန်မြင့်တက်နေခြင်း (သို့မဟုတ်) နေထိုင်မကောင်းဖြစ်နေပါက လူကိုယ်တိုင် မဲစာရင်း သွားရောက်စစ်ဆေးခြင်းမပြုရန်။

### ၈ မသန်စွမ်းသောသူများ မဲဆန္ဒရှင်စာရင်းကို မည်ကဲ့သို့ ကြည့်ရှုစစ်ဆေးနိုင်ပါသနည်း။

မသန်စွမ်းသောသူများမှ တန်းတူညီမျှစွာ လွယ်လင့်တကူ ကြည့်ရှုစစ်ဆေးနိုင်သော နေရာတွင် မဲဆန္ဒရှင်စာရင်းများကို ကပ်ထားကြေညာပါမည်။ လိုအပ်ပါက ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှလည်း ကူညီမှာဖြစ်ပါတယ်။

### ၉ မဲဆန္ဒရှင်စာရင်းထဲမှာ မည်သည့်အချက်အလက်တွေ ပါဝင်ပါသလဲ။

မဲဆန္ဒရှင် အမည်၊ ကျား/မ၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဘမည်၊ အမိအမည်နှင့် နေရပ်လိပ်စာ တို့ပါဝင်မှာဖြစ်ပါတယ်။

### ၁၀ မဲဆန္ဒရှင်တစ်ဦးက မဲဆန္ဒရှင်စာရင်းထဲမှာ ဘာကိုကြည့်ရှုစစ်ဆေးရမှာပါလဲ။

မဲဆန္ဒရှင်စာရင်းများကို ကြော်ငြာသင်ပုန်း (သို့မဟုတ်) အများမြင်သာထင်သာရှိသည့်နံရံ စသည် တို့တွင် ကပ်ထားကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင်တစ်ဦးအနေဖြင့်

- မိမိအမည် (သို့မဟုတ်) မိသားစုဝင်များ၏အမည်စာရင်းပါ/မပါ
- မဲဆန္ဒရှင်စာရင်းပါအချက်အလက်များ မှန်ကန်မှုရှိ/မရှိ
- မဲစာရင်းတွင်မပါဝင်သင့်သူ (ကွယ်လွန်သူ၊ မဲပေးပိုင်ခွင့်မရှိသူ) တစ်ဦးဦးပါရှိနေခြင်းစသည့် အချက်တို့ကို ကြည့်ရှုစစ်ဆေးရပါမည်။

### ၁၁ မဲစာရင်းပါအချက်အလက်များ မှန်ကန်မှုမရှိပါက မည်သို့ဆောင်ရွက်ရပါမလဲ။

သတ်မှတ်ထားသည့် ပုံစံများ ဖြည့်စွက်၍ လက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ကာ ရပ်ကွက်/ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ မဲစာရင်းများထုတ်ပြန်ကြေညာပြီးသည့် နေ့မှ (၁၄) ရက် အတွင်း အောက်ဖော်ပြပါ လမ်းညွှန်ချက်များနှင့်အညီ တင်ပြလျှောက်ထားရပါမယ်။

ပုံစံများနှင့် လုပ်ထုံးလုပ်နည်းများ

#### ၁၁.၁. မည်သည့်ပုံစံဖြင့် တောင်းဆိုရပါမလဲ။

- ပုံစံ (၃) တောင်းဆိုလွှာ – မဲပေးပိုင်ခွင့်ရှိပေမဲ့ မိမိအမည် မဲစာရင်းတွင်မပါဝင်ခြင်း
- ပုံစံ (၄ – ဂ) ပြင်ဆင်လွှာ – ကိုယ်ရေးအချက်အလက်မှန်ကန်မှုမရှိခြင်း
- ပုံစံ (၄) ကန့်ကွက်လွှာ – မဲစာရင်းတွင် မပါဝင်သင့်သူတစ်ဦး ပါဝင်နေခြင်း

#### ၁၁.၂ မည်သည့်နေရာသို့ တင်ပြလျှောက်ထားရပါမလဲ။

ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့။

#### ၁၁.၃ ဘယ်အချိန်မှာ တင်ပြလျှောက်ထားရပါမလဲ။

မဲစာရင်းများထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း။

#### ၁၁.၄ မည်မျှကုန်ကျပါမလဲ။

အခကြေးငွေ ပေးဆောင်ရန်မလိုပါ။

ပုံစံများနှင့် လုပ်ထုံးလုပ်နည်းများ

#### ၁၁.၅. မည်သည့်အထောက်အထားများ တင်ပြဖို့ လိုပါမလဲ။

သက်သေခံစာရွက်စာတမ်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရလက်မှတ်၊ ရပ်ကွက်တွင်နေထိုင်ကြောင်းအထောက် အထား၊ အိမ်ထောင်စုစာရင်း၊တရားရေးဆိုင်ရာကျမ်းကျိန်လွှာ (သို့မဟုတ်) တင်သွင်းလွှာပေးသွင်း ရာတွင် အထောက်အကူပြုမည့်အခြားထောက်ခံချက်များ။

#### ၁၁.၆. ဆုံးဖြတ်ချက်ကို မည်သည့်အချိန်တွင် စိစစ်ဆောင်ရွက်ပေးပါမလဲ။

ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တင်သွင်းသည့်နေ့မှ (၇)ရက်အတွင်း စိစစ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

#### ၁၁.၇. မဲဆန္ဒရှင်တစ်ဦးရဲ့ တောင်းဆိုလွှာ စိစစ်ပြီး မှန်ကန်ပါက မည်သို့ ဆက်လက်ဆောင်ရွက်ပါမလဲ။

မဲဆန္ဒရှင်တစ်ဦးတောင်းဆိုထားသည့် တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ (သို့မဟုတ်) ကန့်ကွက်လွှာများ ကို စိစစ်ပြီး မှန်ကန်ပါက တင်ပြချက်အတိုင်းဆောင်ရွက်ပေးပါမယ်။

#### ၁၁.၈. အကယ်၍ မဲဆန္ဒရှင်တစ်ဦး၏ တောင်းဆိုလွှာ ငြင်းပယ်ခံရပါကမည်သို့ဆက်လက်ဆောင်ရွက်ရပါမလဲ။ အယူခံဝင်နိုင်ပါသလား။

အကယ်၍မဲဆန္ဒရှင် တစ်ဦးသည် မိမိ၏တောင်းဆိုလွှာအား ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ငြင်းပယ်သည့် ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါက မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ထံသို့ အယူခံလွှာကို အကြောင်းကြားစာ လက်ခံရရှိ သည့်နေ့မှ (၃)ရက်အတွင်း လျှောက်ထားရပါမည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ စေလျှင်စွာဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်ပေးပါမယ်။

### ၁၂. ပုံစံဖြည့်သွင်းရာတွင် အကူအညီတောင်းခံနိုင်ပါသလား။

ပုံစံဖြည့်သွင်းရာတွင် မဲဆန္ဒရှင်တစ်ဦးသည် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများကို သော်လည်းကောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် များကို သော်လည်ကောင်း လိုအပ်သည့် အကူညီတောင်းခံနိုင်ပါသည်။

### ၁၃. မဲဆန္ဒရှင်တစ်ဦးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် လာရောက်အမည်စာရင်းသွင်းနိုင်ပါသလား။

မရနိုင်ပါ။ မဲဆန္ဒရှင်စာရင်းများကို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ပြင်ဆင်ခြင်းမပြုနိုင်တော့ပါ။

### ၁၄. မြန်မာနိုင်ငံပြင်ပရောက်ရှိနေသော မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲမှာ မဲပေးနိုင်ပါသလား။

အောက်ဖော်ပြပါ မဲဆန္ဒရှင်များအနေဖြင့် မြန်မာနိုင်ငံပြင်ပသို့ ရောက်ရှိနေသော်လည်း မဲပေးနိုင်ပါတယ်။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ
- အစိုးရ၏တာဝန်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသော အစိုးရကိုယ်စားလှယ်တော်များ
- အစိုးရ၏တာဝန်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသော နိုင်ငံ့ဝန်ထမ်းများ
- နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားအစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသူများ၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများ။
- နိုင်ငံခြားပညာသင်ပုဂ္ဂိုလ်များ၊ အစိုးရခွင့်ပြုချက်ဖြင့်နိုင်ငံပြင်ပရောက်ရှိနေသည့် ပုဂ္ဂိုလ်များနှင့် ၄င်းတို့အားမှီခိုသောမိသားစုဝင်များ။

### ၁၅. မဲဆန္ဒရှင်တစ်ဦးသည် ယာယီနေရပ်လိပ်စာဖြင့် ဆန္ဒမဲပေးရန် တောင်းဆိုနိုင်ပါသလား။

အကယ်၍မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အမြဲတမ်းနေထိုင်ခဲ့တဲ့ဒေသမှ အခြားနေရပ်ဒေသတစ်ခုတွင် ရက်ပေါင်း (၉၀) ထက်ပို၍နေထိုင်ပြီး မဲပေးရန် မိမိအမြဲတမ်းနေရပ်သို့ မပြန်နိုင်ခဲ့ပါက ယခုရောက်ရှိ နေသော ယာယီနေရပ်လိပ်စာဖြင့် မဲပေးရန် တောင်းဆိုနိုင်ပါသည်။ မဲဆန္ဒရှင်အနေဖြင့်

- ပုံစံ (၃ – က) တောင်းခံလွှာကို ဖြည့်စွက်ရန်။
- ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ သွားရောက်တင်ပြလျှောက်ထားရန်။
- ရွေးကောက်ပွဲနေ့မတိုင်မီ ရက်ပေါင်း (၃၀) ထက်နောက်မကျစေဘဲလျှောက်ထားရန်။
- ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာနယ်မြေရှိ လုပ်ငန်းတာဝန်ခံ၏ထောက်ခံချက်၊ အလုပ်သမား ဖြစ်ပါက သက်ဆိုင်ရာလုပ်ငန်းရှင် (သို့မဟုတ်) လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်၊ အခြားပုဂ္ဂိုလ်ဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက် ဖော်ပြ၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ အဆိုပါအရပ်ဒေသတွင် ရက်ပေါင်း (၉၀) နေထိုင်ကြောင်း ထပ်ဆင့် ထောက်ခံချက်တို့အား ပူးတွဲတင်ပြရန်။

ဤတောင်းဆိုလွှာသည် ယခုကျင်းပမည့်ရွေးကောက်ပွဲအတွက်သာအကျုံးဝင်မည်ဖြစ်ပြီး၊ နောက်ပိုင်းတွင် မိမိအမြဲတမ်းနေရပ်တွင်သာ မဲစာရင်းပြန်လည်ရေးသွင်းမည်ဖြစ်ပါသည်။

### ၁၆. တက္ကသိုလ်တက်ရောက်နေသာကျောင်းသား၊သူများ၊ ဆေးရုံတက်ရောက်နေသူများ (သို့မဟုတ်)၊ အချုပ်ကျခံနေရသူများ ဆန္ဒမဲပေးပိုင်ခွင့်ရှိပါ သလား။

တက္ကသိုလ်ကျောင်းသား/သူများနှင့် ဆေးရုံတက်နေသောသူများအနေဖြင့် မဲပေးနိုင်ပါသည်။ သက်ဆိုင်ရာဌာနအကြီးအမှူးမှ အဆိုပါမဲဆန္ဒရှင်များကို ပုံစံ (၁၅) ကိုဖြည့်စွက်စေပြီး ကြိုတင် ဆန္ဒမဲပေးနိုင်ရန် ဆောင်ရွက်ပေးရပါမည်။
သို့သော် ဥပဒေအရ အချုပ်ကျခံရသူများသာလျှင်မဲပေးပိုင်ခွင့်ရှိပြီး ပြစ်ဒဏ်အမိန့်ကျခံပြီး အကျဉ်းထောင်တွင် ကျခံနေသောသူများအနေဖြင့် မဲပေးပိုင်ခွင့်မရှိပါ။

### ၁၇. မိမိအမြဲတမ်းနေထိုင်ရာဒေသမှာ အခြားရပ်ကွက် / ကျေးရွာတစ်ခုသို့ ရွေးကောက်ပွဲမကျင်းပမီနှင့် မဲစာရင်းများကပ်ထား ကြေညာပြီးနောက်ပိုင်း ပြောင်းရွှေ့သွားပါက အခြားမဲဆန္ဒနယ်ရှိ မဲဆန္ဒရှင်စာရင်းထဲ ပါဝင်ရန် မည်ကဲ့သို့ လုပ်ဆောင်ရပါမလဲ။

မဲဆန္ဒနယ်တစ်နယ်၏ မဲဆန္ဒရှင်စာရင်းမှ အခြားမဲဆန္ဒနယ်တစ်နယ်၏ မဲဆန္ဒရှင်စာရင်းသို့ မိမိ၏ အမည်စာရင်း ပြောင်းရွှေ့လိုပါက မူလနေထိုင်ရာဒေသ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံ ပုံစံ (၄ – က)တောင်းဆိုလွှာ တင်သွင်းရပါမယ်။ ယင်းတင်ပြချက်အတိုင်း မှန်ကန်ကြောင်းတွေ့ရှိပြီး ခွင့်ပြုပါက အထောက်အထားပုံစံ (၄ – ခ)ကို ရပ်ကွက်။ကျေးရွာအုပ်စု ကော်မရှင်က ထုတ်ပေးပါမယ်။ ထို့နောက် ပုံစံ(၄ – ခ)နှင့်ပူးတွဲပြီး တောင်းဆိုလွှာပုံစံ (၃) ကို သင်၏ ပြောင်းရွှေ့နေထိုင်ရာ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းပါက မဲစာရင်း၌ထည့်သွင်းပေးပါမည်။

### ၁၈. ကျွန်တော့်အမည် မဲစာရင်းထဲမပါပါဘူး။ ပုံစံ (၃) တောင်းဆိုလွှာတင်သွင်းဖို့အတွက် သက်သေခံကတ်ပြားလည်း မရှိပါဘူး။ ဘယ်လိုဆက်လုပ်ရပါမလဲ။

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးရုံး (သို့မဟုတ်) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ (ထောက်ပြု) မှ နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားကြောင်း၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်စုတွင် နေထိုင်ကြောင်း စသည့် ထောက်ခံချက်များရယူ၍ ပုံစံ (၃)ကိုနှင့်တူ ပေးသွင်းနိုင်ပါသည်။

### ၁၉. ကျွန်တော့်အမည်သည် မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲဆန္ဒရှင်စာရင်းများတွင် ပါရှိနေပါတယ်။ ဘယ်လိုဆက်လုပ်ရပါမလဲ။

သင်၏အမည်သည် မဲဆန္ဒနယ်တစ်ခုအတွင်းသာပါဝင်ရမှာဖြစ်ပါတယ်။ (ဥပမာ မိမိအိမ်ထောင်စု ဇယား တွင်ထည့်သွင်းထားသည့် မြို့နယ်)။ အကယ်၍အခြားမဲဆန္ဒနယ်တစ်နယ်တွင်လည်း အမည်စာရင်း ပါရှိနေပါက ပယ်ဖျက်ရပါမယ်။ အကယ်၍ အိမ်ထောင်စုစာရင်းသည် မတူညီသော မဲဆန္ဒနယ်နှစ်ခုလုံးတွင်ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တစ်ခုကို သာရွေးချယ်မဲပေး ရပါမယ်။ မဲဆန္ဒရှင်စာရင်းမှ မိမိအမည်ပယ်ဖျက်ဖို့ ပုံစံ (၄ – က) ဖြင့်အထက်ပါလမ်းညွှန်ချက်အတိုင်း လုပ်ဆောင်ရပါမယ်။